# ဓမ္မစကူးလ်ဖောင်ဒေးရှင်း
# ဗုဒ္ဓဘာသာသင်ခန်းစာ

**Grade 1**



## ပထမတန်း
## ကျောင်းသားကိုင်

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

## ဗုဒ္ဓဘာသာသင်ခန်းစာ

## ပထမတန်း

## Grade 1

## ကျောင်းသားကိုင်

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၀၀၆၉၇၁၂၁၃ | |
| မျက်နှာဖုံးပန်းချီ | ဦးစိုးစံ | |
| အတွင်းပန်းချီ | ဦးရဲမာန်၊ ဦးစိုးစံ၊ မင်းသူရိန် | |
| အတွင်းကာလာ | ကိုမင်းထွဋ်၊ ကိုရှိုင်းမိုးအောင်၊ မဝင်းဝင်းမာ | |
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ဦးကုသလသာမိ၊ ဒေါ်ကေတုမာလာ | |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေနိုင်ငံ(၀၅၇၄၅)၊ အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၄၀၀ ၈၉၀၊ ၅၄၈ ၀၄၂ | |
| ထုတ်ဝေသူ | ဦးဇော်မိုးလွင် (၂၁၄၅)<br>ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊<br>မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ | |
| ဖြန့်ချိရေး | ဓမ္မစကူးလ်ဖောင်ဒေးရှင်း<br>မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။<br>ဖုန်း - ၀၁ - ၃၇၇၂၆၇၊ ၀၉ - ၃၀၂၆၀၅၁၀၊ ၀၉ - ၂၅၀ ၃၈၅၈၀၀။ | |
| တန်ဖိုး | ၁၂၀၀ ကျပ် | |
| ထုတ်ဝေသည့်အကြိမ် | ဒွါဒသမအကြိမ်   အုပ်ရေ ၂၀၀၀၀၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ။ | |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း 294.3

ဗုဒ္ဓဘာသာသင်ခန်းစာ၊ ပထမတန်း၊ ကျောင်းသားကိုင်/ဓမ္မစကူးလ်ဖောင်ဒေးရှင်း။ - ရန်ကုန်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၃။

စာ - ၈၈၊ ၂၁ × ၂၉.၇ စင်တီ။

(၁)ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

# မာတိကာ


၁။ ခမ္မစကူးလ် သွားကြမယ် ၁

၂။ ဘုရားအလောင်း ဖွားတော်မူခြင်း ၄

၃။ ဘုရားအလောင်း ငယ်စဉ်ဘဝ ၆

၄။ ဘုရားအလောင်း တောထွက်တော်မူခြင်း ၈

၅။ ဘုရားဖြစ်တော်မူခြင်း ၁၀

၆။ ဘုရားရှိခိုးကြမယ် ၁၂

၇။ ဘုရားဖူးသွားကြစို့ ၁၅

၈။ မေတ္တာပို့သခြင်း ၁၆

၉။ မင်္ဂလာရှိအောင် နေကြမယ် ၁၈

၁၀။ ကြည်ညိုဖွယ်ရာ မြတ်သံဃာ ၂၁

၁၁။ ကိုရင်လေးရာဟုလာ ၂၄

၁၂။ ဘုန်းကြီးကျောင်း သွားကြမယ် ၂၆

၁၃။ ပတ်ဝန်းကျင်သန့်ရှင်းရေး ၂၇

၁၄။ ဝိသာခါလေး ၃၀

၁၅။ ဇနကမင်းသားလေး ၃၂

၁၆။ ဖေဖေမေမေ ရှိခိုးမယ် ၃၄

၁၇။ မိဘများကို ကူညီမယ် ၃၇


၁၈။ ဗုဒ္ဓဘာသာ မိသားစု ၄၀

၁၉။ အဘိုးအဘွားများကို ကူညီမယ် ၄၂

၂၀။ ဆရာ ဆရာမကို ရိုသေမယ် ၄၄

၂၁။ ကူညီတတ်သော ခွေးလိမ္မာ ၄၆
၂၂။ အလှူရှင်လေးများ ၄၈
၂၃။ ရိုရိုသေသေ လှူဒါန်းမယ် ၅၀
၂၄။ မှန်မှန်ကန်ကန် ပြောဆိုပါ ၅၂
၂၅။ ချိုချိုသာသာ ပြောကြမယ် ၅၄
၂၆။ သိမ်သိမ်မွေ့မွေ့ ပြုမူမယ် ၅၆
၂၇။ လိမ္မာယဉ်ကျေးသော ကလေးများ ၅၇
၂၈။ ယဉ်ယဉ်ကျေးကျေး စားသောက်မယ် ၆၀
၂၉။ တစ်ကိုယ်ရေ သန့်ရှင်းရေး ၆၂
၃၀။ သူငယ်ချင်းကောင်း ၆၄
၃၁။ ချစ်ချစ်ခင်ခင် နေကြမယ် ၆၇
၃၂။ သူရဲကောင်းငါးကလေးများ ၆၈
၃၃။ စိတ်ကောင်းထားကြမယ် ၇၀
၃၄။ မြေခွေးနှင့်ပေါင်းသင်းမိသော ခြသေ့် ၇၂
၃၅။ တိရစ္ဆာန်လေးများကို ကြင်နာပါ ၇၄
၃၆။ အားငယ်သူ အားပေးပါ ၇၆
၃၇။ ချစ်စရာ သူငယ်ချင်းများ ၇၈
၃၈။ ညောင်ရေသွန်းပွဲ ၇၉
၃၉။ ဝါဆိုပွဲ ၈၀
၄၀။ သီတင်းကျွတ်လပြည့်နေ့ ၈၂

# သင်ခန်းစာ (၁)
# ဓမ္မစကူးလ် သွားကြမယ်




## ဓမ္မစကူးလ်သွားကြမယ်

လာပါ သူငယ်ချင်း ဓမ္မစကူးလ် သွားကြမယ်။
ဘုန်းဘုန်းတွေ့မယ်…ဆရာလေးတွေ့မယ်…ကုသိုလ်တွေရမယ်…။
လာပါ သူငယ်ချင်း ဓမ္မစကူးလ် သွားကြမယ်။
ယဉ်ကျေးရမယ်…သိမ်မွေ့ရမယ်…ပျော်ရွှင်သွားရမယ်…။
လာပါ သူငယ်ချင်း ဓမ္မစကူးလ် သွားကြမယ်။
ဆေးရောင်ခြယ်မယ်…ပုံပြောပြမယ်…သီချင်းတွေ ဆိုကြမယ်…။
လာပါ သူငယ်ချင်း ဓမ္မစကူးလ် သွားကြမယ်။
ယဉ်ကျေးရမယ်… သိမ်မွေ့ရမယ်…ပျော်ရွှင်သွားရမယ်…။ ။


# ပျော်စရာ ဓမ္မစကူးလ်



ကစားမက်သော မောင်မောင်သည်
မိဘကို မကူညီပါ။



ဘုရားမရှိခိုးဘဲ အိပ်သည်။



သူငယ်ချင်းများ ဓမ္မစကူးလ်သွားကြ၍
မောင်မောင့်မှာ ကစားဖော် မရှိပါ။



မေမေက ဓမ္မစကူးလ်သွားရန်
မောင်မောင့်ကို ပြောသည်။




ဓမ္မစကူးလ်သို့ ရောက်သောအခါ
မောင်မောင့်ကို သူငယ်ချင်းများက
လှမ်းခေါ်ကြသည်။



ဓမ္မစကူးလ်၏ ပျော်စရာကောင်းပုံများကို
အိမ်ရောက်သောအခါ
မေမေ့အား ပြောပြသည်။

## ဓမ္မစကူးလ်သွားကြစို့

ဓမ္မစကူးလ် ဓမ္မစကူးလ်၊
တရားတွေ သင်တဲ့ ဓမ္မစကူးလ်။
ဓမ္မစကူးလ် သွားမှသာ၊
တရားတွေ သင်ရမှာ။
တရားတွေ သင်ယူဖို့၊
ဓမ္မစကူးလ် သွားကြစို့။ ။




# သင်ခန်းစာ (၂)
## ဘုရားအလောင်း ဖွားတော်မူခြင်း




ရှေးအခါက ဘုရင်ကြီးသုဒ္ဓေါဒနနှင့်
မိဖုရားကြီး မာယာဒေဝီတို့
ရှိခဲ့ကြသည်။

တစ်နေ့သ၌
မိဖုရားကြီး အိပ်သောအခါ
"ဆင်ဖြူတော်လေးက
မိဖုရားကြီးဝမ်းဗိုက်ထဲသို့
ဝင်သွားသည်"ဟု
အိပ်မက်မြင်မက်သည်။





အိပ်မက်မက်ပြီး
ဆယ်လကြာသောအခါ
အလွန်လှပသော
အင်ကြင်းဥယျာဉ်သို့
ရောက်လာခဲ့သည်။




မိဖုရားကြီးသည် အင်ကြင်းကိုင်းကို ကိုင်၍ ဘုရားအလောင်းတော်လေးကို ဖွားမြင်တော်မူသည်။

## ဘုရားအလောင်း ဖွားတော်မူခန်း

သုဒ္ဓေါဒန ဖခင်ပါ၊
မိခင် မယ်မာယာ။
ထူးခြားစွာ ဆင်အိပ်မက်၊
မယ်မာယာ မြင်မက်။
အင်ကြင်းတောဘက် မွေးဖွားမြင်၊
ဘုရားအလောင်း တို့အရှင်။
ဖွားမြင်စဉ် နတ်အပေါင်း၊
ပူဇော် တသောင်းသောင်း။ ။


# သင်ခန်းစာ (၃)
# ဘုရားအလောင်း ငယ်စဉ်ဘဝ



ဘုရားအလောင်းမင်းသားလေးကို
“သိဒ္ဓတ္ထ”ဟု အမည်မှည့်ကြသည်။
သိဒ္ဓတ္ထမင်းသားလေးကို
ဖခင်ဘုရင်ကြီးနှင့်ဆွေမျိုးတို့က
အလွန်ချစ်ကြသည်။


ဘုရင်ကြီးသည်
မင်းသားလေးအတွက်
အလွန်လှပသော ရေကန်ကြီးများကို
ဆောက်လုပ်ပေးထားသည်။





အတတ်ပညာပြပွဲတွင်
မင်းသားလေးသည်
မြားပစ်နည်းမျိုးစုံကို
အံ့ဩဖွယ် ပြသခဲ့သည်။

အတတ်ပညာမျိုးစုံ
တတ်ကျွမ်းသော
မင်းသားလေးကို
ဖခင်ဘုရင်ကြီးက
ယသောဓရာမင်းသမီးလေးနှင့်
လက်ထပ်ပေးခဲ့သည်။




## ဘုရားအလောင်းမင်းသား

အများအကျိုး ဆောင်လို့ပါ၊
သိဒ္ဓတ္ထ ခေါ်တာ။
လောကမှာ ရှေ့ဆောင်ကောင်း၊
ငါတို့ ဘုရားအလောင်း။ ။

# သင်ခန်းစာ (၄)
## ဘုရားအလောင်း တောထွက်တော်မူခြင်း




ထီးနန်းစည်းစိမ်ခံစားနေသော
သိဒ္ဓတ္ထမင်းသားသည်
သူအို၊ သူနာ၊ သူသေ၊
ရဟန်းဟူသော
နိမိတ်ကြီးလေးပါးကို
တွေ့မြင်ခဲ့သည်။



သိဒ္ဓတ္ထမင်းသားသည်
တရားရှာရန် တောမထွက်မီ
ယသောဓရာမင်းသမီးနှင့်
သားတော်ရာဟုလာကို
အိပ်ခန်းဝမှ
လှမ်းကြည့်တော်မူခဲ့သည်။



ကဏ္ဍကမြင်းကို စီး၍
ဆန္နအမတ်နှင့်အတူ
တောထွက်တော်မူခဲ့သည်။



သိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်ကမ်းတွင် ဆံတော်ကို ဖြတ်၍ မင်းဝတ်တန်ဆာများကို စွန့်ပယ်တော်မူခဲ့သည်။



ရဟန်းပြု၍ တောထဲတွင် တစ်ပါးတည်း တရားကျင့်တော်မူခဲ့သည်။

# သင်ခန်းစာ (၅)
# ဘုရားဖြစ်တော်မူခြင်း



ဘုရားအလောင်းတော်သည်
အစာအာဟာရ လျှော့စား၍
ပြင်းထန်စွာ
တရားကျင့်ခဲ့သော်လည်း
တရားထူးမရခဲ့ပါ။



နောက်ပိုင်းတွင် မျှတအောင်
ပြန်လည်စားသောက်ကာ
တရားကျင့်ခဲ့သည်။
ကဆုန်လပြည့်နေ့တွင်
သုဇာတာသူဌေးသမီးက
နို့ဆွမ်းကို ဆက်ကပ်ခဲ့သည်။



တရားကျင့်နေသော
ဘုရားအလောင်းတော်ကို
မာရ်နတ်မင်းက
လက်နက်မျိုးစုံဖြင့်
လာရောက်တိုက်ခိုက်ခဲ့သည်။




ကဆုန်လပြည့်နေ့တွင် မာရ်နတ်ရန်ကို အောင်မြင်တော်မူ၍ သတ္တဝါအားလုံးတို့၏ ကိုးကွယ်အားထားရာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

## အောင်ပွဲ


ဘုရားအလောင်းတော် မင်းသားဟာ၊
တရား ကျင့်ကြံကာ။
တောထဲမှာ လွန်ခက်ခဲ၊
မလျော့သော သူ့ဇွဲ။
မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊
မေတ္တာနဲ့ တွန်းလှန်။
မာရ်နတ်ရန် အောင်မြင်သွား၊
တို့ရဲ့ မြတ်ဘုရား ။ ။

# သင်ခန်းစာ (၆)
# ဘုရားရှိခိုးကြမယ်

## သူတော်ကောင်း ဖိုးသားလေး




"နမော ဗုဒ္ဓဿ" ဟု အမြဲရွတ်ဆိုတတ်သည့် လိမ္မာသော ဖိုးသားလေးကို အားလုံးက ချစ်ခင်ကြသည်။ ဖိုးသားသည် တောထဲသို့ ဖခင်နှင့်အတူ ထင်းခုတ်လိုက်သွားလေ့ရှိသည်။



အိမ်ပြန်ချိန်တွင် နွားတစ်ကောင် ပျောက်နေသည်။
ဖခင် နွားပျောက်ရှာနေစဉ် ဖိုးသားလေး အိပ်ပျော်သွားသည်။






ထိုအချိန်တွင် ဘီလူးကြီးတစ်ကောင် ရောက်လာပြီး ဖိုးသားကို စားရန် ခြေထောက်ကို လှမ်းဆွဲလိုက်သည်။ ဖိုးသားသည် လန့်ပြီး "နမော ဗုဒ္ဓဿ"ဟု ရွတ်ဆိုလိုက်မိသည်။ ဘီလူးကြီးသည် "သူတော်ကောင်းလေးကို ပြစ်မှားမိပြီ"ဟု တွေးကြောက်ပြီး ထွက်ပြေးသွားသည်။



မနက်မိုးလင်းသောအခါ
ဖခင်နှင့်အတူ ရွာသို့
ပျော်ရွှင်စွာ ပြန်လာခဲ့လေသည်။

## "နမော ဗုဒ္ဓဿ" ရွတ်ကြစို့

"နမော ဗုဒ္ဓဿ" ရွတ်ဆိုလျှင်၊
အန္တရာယ်တွေ ကင်းစင်။
အန္တရာယ်တွေ ကင်းစင်ဖို့၊
"နမော ဗုဒ္ဓဿ" ရွတ်ကြစို့။ ။



## ဘုရားရှိခိုးမယ်

သာသာယာယာ ညအခါ၊
ဘုရားရှိခိုးမှာ။
မေတ္တာဝေကာ ဆုခြွေတောင်း၊
ကျန်းမာကြစေကြောင်း။
ရွာဦးကျောင်းက စေတီသာ၊
အေးမြ လရောင်ဖြာ။
ကြည်ညိုကာ ဦးနှိမ်ချ၊
ဆီမီးပန်းလှူကြ။ ။

## ထိုင်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း

လက်အုပ်ကိုပင်၊ ကြာငုံသွင်၊ အရင်ပြုလုပ်ပါ။
ခြေချ လက်ချ၊ ဒူး တံတောင်ချ၊ နဖူးချကာ
ဦးချပါ။ ။



## ရတနာသုံးပါးကို ရှိခိုးခြင်း

မြတ်စွာဘုရားကို ရှိခိုးပါ၏ အရှင်ဘုရား။
တရားတော်မြတ်ကို ရှိခိုးပါ၏ အရှင်ဘုရား။
သံဃာတော်မြတ်ကို ရှိခိုးပါ၏ အရှင်ဘုရား။



## ဩကာသ ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

# သင်ခန်းစာ (၇)
# ဘုရားဖူးသွားကြစို့



## ဘုရားဖူး သွားကြစို့

ဘယ်သွားမှာလဲ ကိုကြီးရယ်၊
ညီလေး လိုက်ချင်တယ်။
ကုန်းမြင့်ပေါ်ဝယ် တည်လို့ထား၊
စေတီတော်သို့ သွား။
အဝတ်အစား သပ်ရပ်စွာ၊
ဝတ်ဆင်ခဲ့ပါကွာ။
ရေချမ်းလှူကာ ပန်းကပ်လို့၊
ဘုရားရှိခိုးစို့။ ။

# သင်ခန်းစာ (၈)
# မေတ္တာပို့သခြင်း

## ညီပုလေး




ညီပုလေးသည် သူတစ်ပါးကို အလွန်ကူညီလေ့ရှိသည်။
ငိုနေသောကလေးများကို မငိုအောင် ချော့မော့လေ့ရှိသည်။





နေ့စဉ် ဘုရားရှိခိုး၍ အားလုံးကို
မေတ္တာပို့လေ့ရှိသည်။
တစ်နေ့တွင်
ညီပုလေး နေမကောင်းဖြစ်လေ၏။
ဆရာမနှင့် သူငယ်ချင်းများက
မြန်မြန်နေကောင်းစေရန်
အိမ်သို့လာပြီး
ကူညီအားပေးကြသည်။





ညီပုလေးသည်
နေကောင်းလာသောအခါ
သူငယ်ချင်းများနှင့်အတူ
ပျော်ရွှင်စွာ
ကျောင်းပြန်တက်နိုင်ခဲ့သည်။

## ညီပုလေးရဲ့ မေတ္တာ

ညီပုလေး ညီပုလေး၊
ဘုရားရှိခိုးတဲ့ ညီပုလေး။
ညီပုလေး ညီပုလေး၊
မေတ္တာပို့တဲ့ ညီပုလေး။
ညီပုလေးက မေတ္တာဝေ၊
ကျန်းမာ ချမ်းသာကြပါစေ။
မေတ္တာဝေတဲ့ ညီပုလေး၊
မျက်နှာ ရွှင်ချိုအေး။ ။

# သင်ခန်းစာ (၉)
# မင်္ဂလာရှိအောင် နေကြမယ်

## နွယ်နီလေး လိမ္မာပြီ





နွယ်နီလေးသည် မိဘ၊ ဘိုးဘွားတို့က အလိုလိုက်ထားသဖြင့် အလွန်ဆိုးသည်။



ကစားဖော် သူငယ်ချင်းများနှင့်လည်း အမြဲ ရန်ဖြစ်တတ်သည်။



ဖေဖေနှင့်မေမေသည် နွယ်နီလေးကို ခမ္မစကူးလ်သို့ ပို့လိုက်ကြသည်။



ငိုနေသော နွယ်နီလေးကို
ဘုန်းဘုန်းနှင့် ဆရာမများက
ဝိုင်းဝန်းချော့မော့ကြသည်။






ကဗျာရွတ်ဆိုရခြင်း၊ ဆေးရောင်ခြယ်ရခြင်းတို့ကြောင့် ဓမ္မစကူးလ်တက်ရသည်ကို နွယ်နီလေး ပျော်လာသည်။

ယခုအခါ နွယ်နီလေးသည်
မှန်မှန်ဘုရားရှိခိုးပြီး
ဖေဖေနှင့်မေမေကို
ကန်တော့ပြီးမှ အိပ်သည်။





## မင်္ဂလာနေ့ပါ

ပျော်ပျော်ရွှင်ရွှင် စာသင်မယ်၊
ဆရာ့စကား နားထောင်မယ်။
ပြုံးပြကာ နှုတ်ဆက်မယ်၊
မင်္ဂလာနေ့ပါကွယ်။
ပျော်ပျော်ရွှင်ရွှင် စာသင်မယ်၊
သူငယ်ချင်းတွေနဲ့ ချစ်ခင်ဖွယ်၊
တေးသီချင်း ဆို က ကြမယ်၊
မင်္ဂလာနေ့ပါကွယ်။ ။



# သင်ခန်းစာ (၁၀)
# ကြည်ညိုဖွယ်ရာ မြတ်သံဃာ



## တို့ဘုန်းဘုန်း

တို့ဘုန်းဘုန်း တို့ဘုန်းဘုန်း၊
သားတို့တွေ့ရင် တပြုံးပြုံး။
သမီးတို့တွေ့ရင် တပြုံးပြုံး။
တို့ဘုန်းဘုန်းက စာအုပ်ကိုင်၊
ကျောင်းကြီးပေါ်မှာ ထိုင်။
ဝေယျာဝစ္စ လုပ်ကိုင်ရေး၊
ငှက်ပျောသီးတွေ ကျွေး။
လိမ်လိမ်မာမာ နေထိုင်ရေး၊
အဆုံးအမလည်း ပေး။ ။

# မောင်သက်ရှည်လေး



ရှေးအခါက ဇနီးမောင်နှံသည် သားလေးနှင့်အတူ ဆရာရသေ့ထံ သွားရောက်ကန်တော့ကြသည်။



ဆရာရသေ့က သားငယ်လေးသည် ဘီလူးအစားခံရမည်ဖြစ်ကြောင်း၊ ဘုရားရှင်သာ ကယ်တင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောလိုက်သည်။



သားလေးအသက်ရှည်စေရန်
ဘုရားရှင်က ရဟန်းတော်များကို
သားလေးအား ဝန်းရံစေ၍
ပရိတ်ရွတ်စေတော်မူသည်။
ထို့ကြောင့် သားလေးသည်
ဘီလူးဘေးမှ ကင်းဝေးခဲ့ရသည်။



ဘုရားရှင် ကြွလာ၍
"သားလေး အသက်ရှည်ပါစေ"ဟု
ဆုပေးတော်မူသည်။
သားငယ်လေးသည်
အသက် (၁၂၀) ရှည်ခဲ့သည်။

ထို့ကြောင့် သားလေးသည်
"မောင်သက်ရှည်လေး"ဟု
အမည်တွင်ခဲ့လေသည်။

# သင်ခန်းစာ (၁၁)
# ကိုရင်လေးရာဟုလာ



ဘုရားရှင်သည်
သားတော်ရာဟုလာကို
ခုနစ်နှစ်အရွယ်မှာပင်
ကိုရင်ဝတ်ပေးတော်မူခဲ့သည်။
ကိုရင်လေးရာဟုလာသည်
ဆရာများ၏
ဆုံးမစကားကို ရိုရိုသေသေ
အမြဲနားထောင်တတ်သည်။





နေ့စဉ် အိပ်ရာထတိုင်း လက်ကလေးဖြင့် သဲကို ဆုပ်ကာ
“မြတ်စွာဘုရားနှင့် ဆရာသမားတို့ထံမှ ဤသဲတစ်ဆုပ်စာ
လောက်အထိ များပြားသော ဆုံးမစကားကို နာယူချင်ပါ၏”
ဟု မျှော်လင့်ရှာလေသည်။



## ကိုရင်ကလေး ရာဟုလာ

ကိုရင်ကလေး ရာဟုလာ၊
ဘုရားသားတော်ပါ၊
ဘုရားသားတော် ဖြစ်ပေမယ့်၊
မမော်ကြွားဘူးကွဲ့။
သူ့လက်ကလေးနဲ့ သဲဆုပ်ကာ၊
ဩဝါဒ မျှော်ရှာ။
ဒီသဲပမာ ဩဝါဒ၊
ရရင် ကောင်းလေစွ။ ။

ကိုရင်လေးရာဟုလာသည် ဘုရားသားတော်ဖြစ်သော်လည်း မာန်မာနမကြီးပေ။ ကျောင်းဝင်း အတွင်း၌ နေ့စဉ်နေ့တိုင်း သန့်ရှင်းရေး လုပ်လေ့ရှိပါသည်။

# သင်ခန်းစာ (၁၂)
# ဘုန်းကြီးကျောင်း သွားကြမယ်



## ဘုန်းကြီးကျောင်း သွားကြမယ်

ဘုန်းဘုန်းကျောင်းကို
ဘွားဘွားသွားတော့၊
သားသားမီးမီး လိုက်ကြမယ်။
ပြောဆိုနေထိုင် လွန်ယဉ်ကျေးလို့၊
သန့်ရှင်းရေးလည်း လုပ်ပါ့မယ်။
ဘုန်းဘုရားကို ဦးနှိမ်ချလို့၊
လှူစရာများ လှူပါ့မယ်။
အလှူဒါန လှူပြီးက၊
အမျှ ပေးဝေမယ်။
ကျောင်းကိုသွားက ကုသိုလ်ရ၊
သွားကြ သွားကြမယ်။ ။

# သင်ခန်းစာ (၁၃)
# ပတ်ဝန်းကျင် သန့်ရှင်းရေး



## တံမြက်စည်းလှည်းခြင်း၏ အကျိုး


ကိုယ့်စိတ် သူ့စိတ်၊ ယိုဖိတ်ကြည်လင်၊
နတ်တို့ချစ်လျက်၊ နှစ်သက်ပျော်ရွှင်၊
လှကြောင်းကံနှင့်၊ နတ်ဖြစ်ဂုဏ်ရှင်၊
တံမြက်လှည်း၊ ရမြဲကျိုးငါးအင်။ ။

## သန့်ရှင်းရေး

အမှိုက်တစ်စ တွေ့ရှိက၊
ချက်ချင်းကောက်လိုက်ကြ။
သန့်ရှင်းကြမှ တို့ဝန်းကျင်၊
လှပ ရောဂါစင်...။
မြင်မြင်သမျှ ကြည်လင်အေး၊
စုပေါင်း သန့်ရှင်းရေး...။ ။




# ငှက်ပျောသီးခွံ





အောင်အောင်သည် အမှိုက်များကို ပစ်ချင်ရာ လျှောက်ပစ်တတ်သည်။ ကျောင်းပိတ်ရက်တွင် ပုပ္ပါးသို့ ဘုရားဖူးသွားကြရမည်ဖြစ်သောကြောင့် အောင်အောင်တို့မောင်နှမ ပျော်ရွှင်နေကြသည်။

မေမေက ငှက်ပျောခွံကို အမှိုက်ပုံးထဲ ပစ်ရန် ပြောသည်။ အောင်အောင်သည် နားမထောင်ဘဲ အိမ်အပြင်သို့ ပစ်ချလိုက်သည်။






အောင်အောင်တို့မောင်နှမ ကစားရန် ပြေးထွက်လာကြသည်။
ညီမလေးသည် ငှက်ပျောခွံကို တက်နင်းမိပြီး ချော်လဲ၍ လက်ကျိုးသွားသည်။

ပုပ္ပါးသို့ မသွားဖြစ်တော့သောကြောင့် အောင်အောင်တို့မောင်နှမ မပျော်ကြရတော့ပါ။

# သင်ခန်းစာ (၁၄)


## ဝိသာခါလေး





ခုနစ်နှစ်အရွယ် ဝိသာခါလေးသည် လူကြီးမိဘများကို ရိုသေပြီး လိမ္မာယဉ်ကျေးသည်။ သူတို့မြို့သို့ ဘုရားရှင်ကြွလာသောအခါ သူငယ်ချင်းများနှင့်အတူ ဘုရားရှင်ကို သွားရောက်ဖူးမြော်ခဲ့သည်။





ဝိသာခါလေးနှင့် သူငယ်ချင်းများသည် ဘုရားရှင်ကို ရှိခိုးကြသည်။ ဘုရားရှင် တရားဟောသော အခါ ရိုရိုသေသေ နာယူကြပြီး တရားတော်ကို နှစ်သက်သွားခဲ့ကြသည်။




ဝိသာခါလေးသည် ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသို့ သွား၍ သီလဆောက်တည်သည်။ ကုသိုလ်ကောင်းမှုများ အမြဲပြုလုပ်သည်။ ဝိသာခါလေးကို မိဘ၊ ဘိုးဘွား၊ ဆရာသမား များနှင့် သူငယ်ချင်းအားလုံးက အလွန်ချစ်ခင်ကြသည်။

## ဝိသာခါလေး

သမီးအလိမ္မာ ဝိသာခါ၊
နေ့စဉ် တရားနာ။
သီလယူကာ ကုသိုလ်ပွား၊
ချစ်သူခင်သူများ။
ဘုန်းကြီးကျောင်းကို သွားတဲ့ခါ၊
သူငယ်ချင်းလည်းပါ။
ဘိုးဘွားတို့မှာ ချစ်ခင်ကြ၊
အမြဲပျော်ရွှင်ရ။ ။

# သင်ခန်းစာ (၁၅)

## ဇနကမင်းသားလေး




ဇနကမင်းသားလေး အသက် (၁၆) နှစ်အရွယ်တွင် အတတ်ပညာမျိုးစုံကို တတ်မြောက်ကျွမ်းကျင်ခဲ့သည်။



ကြီးပွားအောင်မြင်ရန် မိခင်ထံ ခွင့်တောင်းပြီး ပင်လယ်ခရီး ထွက်ခဲ့သည်။



မုန်တိုင်းမိပြီး သင်္ဘောနစ်မြုပ်သွားသောအခါ ရွက်တိုင်ထိပ်မှ ခုန်ချပြီး ဇွဲကောင်းကောင်းနှင့် ခုနစ်ရက်ကြာအောင် ပင်လယ်ပြင်တွင် လက်ပစ်ကူးနေတော့သည်။



ဇွဲကောင်းလှသော ဇနကမင်းသားလေးအား
မေခလာနတ်သမီးက ကယ်တင်ခဲ့သည်။

## ဇနကမင်းသား ဘုရားအလောင်းတော်

ဘုရားအလောင်း ဘုရားအလောင်း၊
ဝီရိယကောင်းတဲ့ ဘုရားအလောင်း။
ဘုရားအလောင်းရဲ့ သူ့နံမယ်(နာမည်)၊
ဇနကလို့ ခေါ်ပါတယ်။
ပင်လယ်ထဲမှာ လက်ပစ်ကူး၊
ဇွဲသတ္တိက ထူး။
ချီးကျူးထိုက်တဲ့ သူ့လိုကွယ်၊
တို့တွေ ကြိုးစားမယ်။
ပျင်းတယ်ဆိုတာ တို့အနား၊
မလာခဲ့နဲ့ သွား။ ။


# သင်ခန်းစာ (၁၆)

# ဖေဖေမေမေ ရှိခိုးမယ်

## မိဘကို ရိုသေသော သားလိမ္မာ




ရှေးအခါက မိဘကို အလွန်ရိုသေသော ကလေးလေးတစ်ယောက် ရှိခဲ့သည်။ ညစဉ် အိပ်ရာဝင်တိုင်း မိဘကို ရှိခိုးပြီးမှ အိပ်ရာဝင်လေ့ရှိသည်။



တစ်နေ့တွင် ကြီးမားသော မုန်တိုင်းကြီး ပြင်းထန်စွာ တိုက်ခတ်လာလေသည်။ သို့ဖြစ်၍ တိုင်းသူပြည်သားအားလုံး ဆင်းရဲဒုက္ခရောက်နေကြသည်။

ရှင်ဘုရင်သည် မုန်တိုင်းတားနည်းကို
ပညာရှိကြီးအား မေးမြန်းခဲ့သည်။
ထိုအခါ ပညာရှိကြီးက မိဘကို ရိုသေပြီး
ညစဉ် အမြဲရှိခိုးသူကို
လိုက်လံရှာဖွေခိုင်းခဲ့သည်။



လိုက်လံရှာဖွေကြရာ မိဘကို ရိုသေသော
ကလေးလေးကို တွေ့ခဲ့ကြသည်။
ကလေးလေးက သစ္စာဆိုလိုက်သောအခါ
မုန်တိုင်းကြီး ချက်ချင်း ရပ်စဲသွားခဲ့သည်။




ထိုအခါ အားလုံးက ဝမ်းသာကြ၍
ကလေးလေးအား ဆုလက်ဆောင်များ
ပေးခဲ့ကြသည်။ ကလေးလေးသည်
ဆုလက်ဆောင်များကို
သယ်ဆောင်ပြီး မိဘများထံသို့
ပျော်ရွှင်စွာ
ပြန်သွားခဲ့လေသည်။



# မိဘဦးတော်တင်

ညစဥ်ညစဥ် အိပ်ရာဝင်၊
မိဘဦးတော်တင်။
ဦးတော်တင်ကာ အိပ်ပျော်က၊
အိပ်မက်လှလှ မြင်မက်ရ။
အိပ်မက်ထဲက နတ်သမီးတွေ၊
အလှမျိုးစုံပေ။
ပန်းရောင်တွေ မျိုးစုံကြား၊
ပြေးပြေးလွှားလွှား အတူကစား။
ပျော်ပျော်ပါးပါး တဟားဟား။ ။



# သင်ခန်းစာ (၁၇)
# မိဘများကို ကူညီမယ်

## မောင်သုဝဏ်လေး



ရှေးအခါက တောအုပ်ကြီးထဲတွင် ဒုကူလနှင့် ပါရိကာမည်သော ရသေ့မောင်နှံနှင့် သားလေးမောင်သုဝဏ်တို့ နေထိုင်ကြသည်။



သစ်သီးရှာသွားသော ရသေ့မောင်နှံတို့သည် မြွေဟောက်တစ်ကောင်၏ အဆိပ်မှုတ်ထုတ်ခြင်းကို ခံရ၍ မျက်စိကွယ်သွားကြသည်။



မိဘနှစ်ပါး ပြန်ရောက်မလာသဖြင့် မောင်သုဝဏ်လေးသည် လိုက်လံရှာဖွေသည်။



မျက်စိကွယ်သွားသော မိဘနှစ်ပါးကို
တွေ့သောအခါ ကြိုးစကို ပစ်ပေး၍
ထိုကြိုးစကို ဆွဲစေကာ
ပြန်လည်ခေါ်ဆောင်ခဲ့သည်။



မောင်သုဝဏ်လေးသည်
မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးသည်။



တစ်နေ့တွင် သမင်လေးများနှင့်အတူ
ရေခပ်ဆင်းသွားခဲ့သည်။





တောလိုက်လာသော ရှင်ဘုရင်တစ်ပါးက မောင်သုဝဏ်လေးကို မြားဖြင့် ပစ်လိုက်လေသည်။
မောင်သုဝဏ်လေးသည် မြားထိ၍ လဲကျသွား၏။



ထိုအခါ ရှင်ဘုရင်သည် မိဘနှစ်ပါးကို သွားရောက်အကြောင်းကြား၏။ မိဘနှစ်ပါး ရောက်လာပြီး "သားလေးသည် မိဘကို လုပ်ကျွေးသူ အမှန်ဖြစ်ပါ၏၊ ဤမှန်ကန်သော သစ္စာစကားကြောင့် သားလေး မြားဒဏ်ရာ ပျောက်ကင်းပါစေသတည်း"ဟု သစ္စာဆိုလိုက်သော ကြောင့် မြားဒဏ်ရာ ပျောက်ကင်းသွားလေသည်။

## မိဘကူညီသူ မောင်သုဝဏ်

မောင်သုဝဏ်လေး အလိမ္မာ၊
မိဘ ကူညီကာ။
သစ်သီးဖွေရှာ ရေခပ်ဆင်း၊
ရံထား ဖော်တစ်သင်း။
မြားတစ်စင်းက ဝင်လာပြန်၊
မောင်သုဝဏ်ကို မှန်။
မြားဒဏ်ရာ အဆိပ်ပြယ်ပျက်၊
မိဘ ကူသည့်တွက်။ ။

# သင်ခန်းစာ (၁၈)
# ဗုဒ္ဓဘာသာမိသားစု




သားတို့အိမ်မှာ
ဖေဖေက ဗုဒ္ဓဘာသာပါ။



မေမေကလည်း ဗုဒ္ဓဘာသာပါ။



ကိုကိုနဲ့ မမကလည်း ဗုဒ္ဓဘာသာပါ။



သားလည်း ဗုဒ္ဓဘာသာပါ။ ဒါ့ကြောင့် သားတို့ မိသားစုလေးဟာ ဗုဒ္ဓဘာသာမိသားစုလေးပါ။

# တိုးတိုးနှင့်မေမေ

တိုးတိုးသည် မေမေ့ဘေးတွင် စာထိုင်ဖတ်နေပါသည်။ တိုးတိုးက မေမေ့ကို လှမ်းကြည့်လိုက်သည်။



“မေမေ့ကို သား မေးစရာတစ်ခု ရှိတယ်၊ ဘာဖြစ်လို့ ဗုဒ္ဓဘာသာလို့ ခေါ်ကြတာလဲ မေမေ”



“ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနေထိုင်တဲ့သူတွေကို ဗုဒ္ဓဘာသာလို့ ခေါ်တယ် ... သားရဲ့”



“ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတွေက ဘာတွေလဲ မေမေ”




“မကောင်းတာတွေ မလုပ်ရဘူး၊ ကောင်းတာတွေကို လုပ်ရမယ်၊ စိတ်ကို ဖြူစင်အောင်ထားရမယ်။ အဲဒါတွေက ဘုရားရှင်ရဲ့ အဆုံးအမတွေဖြစ်တယ် သားလေးရဲ့”

# သင်ခန်းစာ (၁၉)

## အဘိုးအဘွားများကို ကူညီမယ်



မမကြီး ညိုညိုက ဖြူဖြူကို ဘိုးဘွားရိပ်သာသို့ ခေါ်သွားခဲ့သည်။



ညိုညိုနှင့် ဖြူဖြူတို့သည် အဘိုးအဘွားများကို ပြုစုခဲ့ကြသည်။

"အဘိုးအဘွားတွေကို ပြုစုစောင့်ရှောက်ရင် အသက်ရှည်မယ်၊ အဆင်းလှမယ်၊ ချမ်းသာမယ်၊ ခွန်အားကြီးမယ်"ဟု အပြန်လမ်းတွင် မမကြီးညိုညိုက ဖြူဖြူအား ပြောပြလေသည်။



## အဘိုးအဘွားများကို ကူညီမယ်

ဘိုးဘိုးကြီးက လမ်းလျှောက်ချင်၊
အားနည်းနေလို့ မပျော်ရွှင်။
လက်တွဲကြင်နာ ကူညီပေး၊
ဘိုးဘိုး ကျန်းမာရေး။
ဘွားဘွားကြီးက အိပ်ရာဝင်၊
ညောင်းညာနေလို့ မပျော်ရွှင်။
ဆေးလိမ်းကာပင် နှိပ်နယ်ပေး၊
ဘွားဘွား ကျန်းမာရေး။ ။







# သင်ခန်းစာ (၂၀)

# ဆရာ၊ ဆရာမကို ရိုသေမယ်


## တပည့်ကောင်းသမင်လေး



ရှေးအခါက တောနက်ကြီးထဲတွင် သမင်များစွာ နေထိုင်ခဲ့ကြသည်။




သမင်မတစ်ကောင်သည် သားငယ်သမင်လေးကို ပညာသင်ပေးရန် အစ်ကိုဖြစ်သူ သမင်ခေါင်းဆောင်ထံတွင် အပ်နှံခဲ့သည်။ သမင်လေးသည် ဦးကြီးဆရာ သင်ပြပေးသော ပညာရပ်များကို ကြိုးကြိုးစားစား သင်ယူခဲ့သည်။



သမင်လေးသည် တောထဲတွင် လှည့်လည်စားသောက်စဉ် မုဆိုးထောင်ထားသော ကျော့ကွင်းနှင့် မိလေသည်။



သမင်လေးသည် ဦးကြီးဆရာ
သင်ပေးထားသော သမင်မာယာ
အတတ်ပညာဖြင့်
အသေကောင်လို
အယောင်ဆောင်နေခဲ့လေသည်။



ထို့နောက် မုဆိုးသည်
သစ်ရွက်ကြီးများကို
သွားယူနေစဉ်
သမင်လေးသည်
တစ်ဟုန်ထိုး
ထွက်ပြေးသွားခဲ့လေ၏။


# သင်ခန်းစာ (၂၁)
# ကူညီတတ်သော ခွေးလိမ္မာ



နွားကျောင်းသားလေးသည် ပစ္စေကဗုဒ္ဓါကို
သွားပင့်သည့်အခါတိုင်း
ခွေးငယ်လေးနှင့်အတူ သွားလေ့ရှိသည်။



လမ်းတွင် အန္တရာယ်ပြုမည့် တိရစ္ဆာန်များ
ထွက်ပြေးအောင် တုတ်ဖြင့် ချုံနွယ်များကို
ပုတ်ခတ်ခြောက်လှန့်လေ့ရှိသည်။



လိမ္မာသော ခွေးငယ်လေးကို
ပစ္စေကဗုဒ္ဓါနှင့်
နွားကျောင်းသားလေးတို့က
အလွန်ချစ်ခင်ကြသည်။

နွားကျောင်းသားလေး
မအားလပ်သည့်အခါ
ခွေးလေးသည် ပစ္စေကဗုဒ္ဓါကို
သွားရောက်
ပင့်ဆောင်ပေးလေ့ရှိသည်။






လမ်းတွင် ဘေးကင်းစေရန်
ခွေးငယ်လေးက
အသံကျယ်ကျယ်ဟောင်ပြီး
လမ်းရှင်းပေးသည်။

ပစ္စေကဗုဒ္ဓါကို ဘေးရန်ကင်းအောင် အသံဖြင့် ကူညီပေးသော ခွေးငယ်လေးသည် နောက်ဘဝတွင် အသံအလွန်ကောင်းသော နတ်သားတစ်ပါး ဖြစ်သွားခဲ့လေသည်။

## ခွေးလိမ္မာလေး၏ ကုသိုလ်

နွားကျောင်းသားလေး သွားလေရာ၊
ခွေးလိမ္မာလေး အမြဲပါ။
ပစ္စေကဗုဒ္ဓါ အပင့်သွား၊
နေ့စဉ် သူ လိုက်သွား။
သားရဲတိရစ္ဆာန် အန္တရာယ်၊
အသံပေးလို့ သူကာကွယ်။
လမ်းမှန်ပြကာ သတိပေး၊
ကုသိုလ်ယူတဲ့ ခွေးကလေး။ ။




# သင်ခန်းစာ (၂၂)

## အလှူရှင်လေးများ

### ရေအလှူရှင်ရသေ့လေး





တောအုပ်တစ်ခုတွင် ရသေ့များ တရားအားထုတ်နေကြသည်။

မိုးခေါင်သည့်နှစ်တွင် တိရစ္ဆာန်လေးများ ရေပြတ်လပ်ပြီး ဒုက္ခရောက်ကြသည်။



ကြင်နာတတ်သော ရသေ့လေးသည်
တိရစ္ဆာန်လေးများအတွက်
ရေခပ်ပေးသဖြင့်
တိရစ္ဆာန်လေးများ
ပျော်ရွှင်ကြသည်။




တိရစ္ဆာန်လေးများကလည်း
ကျေးဇူးဆပ်သည့်အနေဖြင့်
ရသေ့လေးကို
သစ်သီးများ
ခူးပေးကြလေသည်။

# သင်ခန်းစာ (၂၃)
# ရိုရိုသေသေ လှူဒါန်းမယ်

## နှမ်းနတ်သမီးလေး



သူဆင်းရဲမလေးသည်
အိမ်ရှေ့သို့
ဆွမ်းခံကြွရောက်လာသော
မြတ်စွာဘုရားရှင်အား
နှမ်းတစ်ဆုပ်ကို
ရိုရိုသေသေ
လှူဒါန်းလိုက်သည်။




နှမ်းတစ်ဆုပ်လှူရသော
ကုသိုလ်ကောင်းမှုကြောင့်
သူဆင်းရဲမလေးသည်
နောက်ဘဝတွင်
ရုပ်ရည်ချောမောလှပသော
နတ်သမီးလေးတစ်ပါး
ဖြစ်သွားလေသည်။



## ကိုရင် ကိုရင်

ကိုရင် ကိုရင် ပြုံးရွှင်ရွှင်၊
မြို့ထဲ ဆွမ်းခံဝင်။
ကိုရင် မြင်လို့ လှူမယ်တွေး၊
မလေးဆွမ်းက မနပ်သေး။
ကိုရင်လေးဘုရား ခဏတာ၊
ရပ်တော်မူလိုက်ပါ။
လွယ်အိတ်ထဲပါ သကြားလုံး၊
လှူဖွယ်အဖြစ် ယူကာသုံး။
တစ်လုံး နှစ်လုံး သုံးလေးလုံး၊
မလေး ရေတွက်တုန်း။
ကိုရင်လေးက တပြုံးပြုံး။
ပျော်လို့ မော်လို့ မဆုံး။ ။



# သင်ခန်းစာ (၂၄)
# မှန်မှန်ကန်ကန် ပြောဆိုပါ

## သစ်ခုတ်သမားလေး






ပုဆိန်ပျောက်၍ ငိုနေသော သစ်ခုတ်သမားလေးအား မြစ်စောင့်နတ်က ရွှေပုဆိန်ကို ပြ၍ "ဒါ သင့်ပုဆိန်လား"ဟု မေးသည်။ သစ်ခုတ်သမားလေးက "မဟုတ်ပါ"ဟု အမှန်အတိုင်း ဖြေ၏။ ငွေပုဆိန်ကို ပြ၍ "ဒါ သင့်ပုဆိန်လား"ဟု မေးပြန်၏။ သစ်ခုတ်သမားလေးက "မဟုတ်ပါ"ဟု ဖြေ၏။ သံပုဆိန်ကို ပြ၍ မေးသောအခါမှသာ "ဒါ ကျွန်ုပ် ပုဆိန်ဖြစ်ပါတယ်"ဟု ဝမ်းသာအားရ ဖြေ၏။





ထိုအခါ မြစ်စောင့်နတ်က ရိုးသားသော သစ်ခုတ်သမားလေးကို ပုဆိန် (၃) လက်လုံး ပေးလိုက်လေသည်။




## မှန်တာကိုပဲ ပြောကြမယ်

လိမ်တယ်ညာတယ် ဆိုတာရယ်
မကောင်းပါဘူးကွယ်။
ဘုရားရှင်လည်း မကြိုက်
မိဘဆရာလည်း မကြိုက်
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (မကြိုက်)[၂] ။
မှန်မှန်ကန်ကန် ပြောတာရယ်
အလွန်ကောင်းတာပေါ့ကွယ်
ဘုရားရှင်လည်း ကြိုက်
မိဘဆရာလည်း ကြိုက်
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (ကြိုက်)[၂]။ ။

# သင်ခန်းစာ (၂၅)
# ချိုချိုသာသာ ပြောကြမယ်

## စကားချိုသာ ပြောဆိုပါ




သူဌေးသားသုံးဦးသည် ငှက်ပျောသီးလှည်း မောင်းလာသော ဦးကြီးတစ်ယောက်နှင့် ဆုံမိကြသည်။

ပထမသူဌေးသားက "ဟဲ့ ခြံစိုက်သမား ငါ့ကို ငှက်ပျောသီး နည်းနည်းပေးစမ်း"ဟု ပြောသည်။ ဦးကြီးက မကောင်းသော ငှက်ပျောသီးတစ်ဖီး ပေးလိုက်သည်။



ဒုတိယသူဌေးသားက "ဦးလေး ငါ့ကို ငှက်ပျောသီး ... ပေးပါ"ဟု ပြောသည်။ ဦးကြီးက ငှက်ပျောသီးပိန်ပိန်တစ်ဖီး ပေးလိုက်သည်။





တတိယသူဌေးသားက
“ဦးလေးကြီးခင်ဗျာ ...
ကျွန်တော့်ကိုလည်း ပေးပါဦး”ဟု
ချိုချိုသာသာ ပြောသည်။
ဦးကြီးက
အကောင်းဆုံး
ငှက်ပျောသီးတစ်ဖီးကို
ပေးလိုက်လေတော့သည်။

**အလှဆုံး**

စကားပြောဆို ချိုချိုသာ၊
သမီး အလိမ္မာ။
(စကားပြောဆို ချိုချိုသာ၊
သားသား အလိမ္မာ။)
ယဉ်ကျေးသူမှာ မျက်နှာပြုံး၊
သမီးအလှဆုံး။
(ယဉ်ကျေးသူမှာ မျက်နှာပြုံး၊
သားသား အလှဆုံး)။ ။



# သင်ခန်းစာ (၂၆)
# သိမ်သိမ်မွေ့မွေ့ ပြုမူမယ်



## လူကြီးရှေ့မှာ ပြုမူစရာ

လူကြီးရှေ့မှာ သွားတဲ့အခါ၊
ခေါင်းလေးငုံ့ကာ ဦးညွှတ်ပါ။
လေးစားမှုရာ အစဉ်ထား၊
ညင်ညင်သာသာ သွား။
လူကြီးများက ပေးလာလျှင်၊
လက်နှစ်ဖက်နဲ့ ယူဖို့ပြင်။
လူကြီးလာရင် လမ်းဖယ်ပေး၊
ရိုသေရမယ်လေး။
လူယဉ်ကျေးတို့ အကျင့်တွေ၊
လိုက်နာကျင့်ကြံလေ။
လိုက်နာကျင့်ကြံနေထိုင်မှ၊
သားတို့ဘဝ လွန်လှပ။
သမီးတို့ဘဝ လွန်လှပ။ ။



# သင်ခန်းစာ (၂၇)
# လိမ္မာယဉ်ကျေးသော ကလေးများ

## လိမ္မာတဲ့ ကလေးလေး

လိမ္မာတဲ့ ကလေးလေး ဖြစ်အောင်ကွယ်၊
တို့တစ်တွေ အမြဲ ကြိုးစားမယ်။
အဖေအမေရဲ့ စကား နားထောင်မယ်၊
ရိုသေလို့ ချစ်ပါ့မယ်။
လိမ္မာတဲ့ ကလေးလေး ဖြစ်အောင်ကွယ်၊
တို့တစ်တွေ အမြဲ ကြိုးစားမယ်။
ဆရာ ဆရာမ စကား နားထောင်မယ်၊
ရိုသေလို့ ချစ်ပါ့မယ်။ ။





## ရိုးသားသူ



သူငယ်ချင်းများ ကိုင်ဆောင်နေကြသော ခဲတံအိတ်လှလှလေးများကို ကြည့်ပြီး မောင်ထွေးလေး လိုချင်နေမိသည်။



လမ်းတွင် ခဲတံအိတ်လှလှလေးကို တွေ့၍ ဝမ်းသာသွားသည်။



“ပိုင်ရှင်တော့ ဝမ်းနည်းပြီး ငိုနေတော့မှာပဲ”ဟု တွေးမိပြီး ခဲတံအိတ်လေးကို ဆရာမမှ တစ်ဆင့် ပိုင်ရှင်ထံ ပြန်ပေးခဲ့သည်။



ရိုးသားပြီး လိမ္မာယဉ်ကျေးသော မောင်ထွေးလေးကို အတန်းသားအားလုံးက လက်ခုပ်တီးပြီး ချီးကျူးကြလေသည်။

# ယဉ်ကျေးတဲ့ မွန်မွန်လေး



လိမ္မာယဉ်ကျေးသော မွန်မွန်လေးသည် လူကြီးသူမများနှင့် ဆုံတွေ့သည့်အခါတိုင်း လက်အုပ်ချီပြီး ရိုရိုသေသေ နှုတ်ဆက်လေ့ရှိသည်။



# သင်ခန်းစာ (၂၈)

# ယဉ်ယဉ်ကျေးကျေး စားသောက်မယ်

## မယ်ယဉ်ကျေး




ကျောင်းတွင် စုစုနှင့်နုနုသည် ထူးချွန်ကျောင်းသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်တွင် မည်သူ့အား “မယ်ယဉ်ကျေးဆု” ပေးသင့်သည်ကို ဆုံးဖြတ်ရန် ဆရာ ဆရာမများ အခက်တွေ့နေကြသည်။

ထို့ကြောင့် အာဟာရဒါနကျွေးပွဲတွင် သူတို့နှစ်ယောက်ကို စောင့်ကြည့် အကဲခတ်ခဲ့ကြသည်။ စုစုနှင့် အချို့ကလေးများသည် သန့်ရှင်းစွာ မစားတတ်ကြပေ။







နုနုနှင့် အချို့ကလေးများသည်ကား ယဉ်ယဉ်ကျေးကျေး သန့်သန့်ရှင်းရှင်း စားကြသည်။



ထိုအခါ ဆရာ၊ ဆရာမများက
"မယ်ယဉ်ကျေးဆု"ကို
နုနုအား ပေးအပ်လိုက်လေသည်။


## ယဉ်ကျေးသူလေးများ

ထမင်းစားစို့ ညီမလေး (ညီငယ်လေး)၊
လက်ကို စင်အောင်ဆေး။
ယဉ်ယဉ်ကျေးကျေး ဟန်မူရာ၊
ထမင်းစေ့ မကျပါ။
ပါးစပ်မှာ ပလုတ်ပလောင်း၊
ဒီလို မစားကောင်း။
ဟင်းရည်တောင်းလည်း သပ်ရပ်စွာ၊
မညစ်ပေစေရာ။
သန့်ရှင်းလိမ္မာ အစာစား၊
ယဉ်ကျေးသူလေးများ။ ။


# သင်ခန်းစာ (၂၉)

# တစ်ကိုယ်ရေသန့်ရှင်းရေး

## ကိုကိုနဲ့ညီညီ




ညီအစ်ကိုနှစ်ယောက်ရှိသည်။



ညီညီ မျက်နှာသစ်နေသည်။
ကိုကိုက မျက်နှာမသစ်ဘဲ ထွက်ပြေးသည်။



ညီညီက လက်ကို သန့်ရှင်းစွာ ထားသည်။
ကိုကိုက ညစ်ပတ်သည်။



ကိုကိုက ခေါင်းလည်းမဖြီး
အုန်းဆီလည်း မလိမ်းပေ။



ညီညီ့အနားတွင် သူငယ်ချင်းအများကြီး ရှိသည်။ သန့်ရှင်းသော ညီညီကို အားလုံးက ချစ်ခင်ကြသည်။

## တစ်ကိုယ်ရေ သန့်ရှင်းရေး

ခြေသည်း လက်သည်း လှီးပါ့မယ်၊
ချေးညှော် ကင်းအောင်ကွယ် ...။
မျက်နှာသစ်ကာ ရေချိုးစို့၊
ဆပ်ပြာတိုက်ပါလို့ ...။
ကိုယ်လက် သန့်ရှင်းထားပါ့မယ်၊
သွားကို တိုက်ကာရယ် ...
ခေါင်းကိုဖြီးကာ ဆီလိမ်းလို့၊
မွှေးကြိုင် လန်းစေဖို့ ... ။ ။


# သင်ခန်းစာ (၃၀)
# သူငယ်ချင်းကောင်း

## သူငယ်ချင်းကောင်း မောင်ကဏန်း



လယ်သမားလေးနှင့် မောင်ကဏန်းတို့သည် သူငယ်ချင်းများ ဖြစ်ကြသည်။ ကျီးမိုက်သည် လယ်သမားလေး၏ မျက်လုံးကို ဖောက်စားချင်နေသည်။






လယ်သမားကို ကိုက်ရန် ကျီးမိုက်က မြွေဟောက်ကို အကူအညီတောင်းသည်။ မြွေဟောက်က လယ်သမားလေး၏ ခြေထောက်ကို ကိုက်လိုက်သည်။







မောင်ကဏန်းလေးက မြွေနှင့်ကျီးကို ဖမ်းညှပ်ပြီး မြွေဆိပ်ကို ပြန်ထုတ်ခိုင်းသည်။



ဘေးရန်ကင်းသွားသော လယ်သမားလေးသည်
သူငယ်ချင်းကောင်း မောင်ကဏန်းနှင့်အတူ
ပျော်ရွှင်စွာ နေထိုင်သွားလေသည်။



## သူငယ်ချင်းကောင်း


အစာစားလည်း အတူတူ၊
ကစား အတူတူ။
လဲကျသူကို ထူလို့ပေး၊
သူငယ်ချင်းကောင်းလေး။
နွေးနွေးထွေးထွေး ချစ်ချစ်ခင်၊
ကူညီကြပါလျှင်။
ဘေးရန်ကင်းစင် ထာဝရ၊
တို့များ ပျော်ရွှင်ကြ။ ။






# သင်ခန်းစာ (၃၁)
# ချစ်ချစ်ခင်ခင် နေကြမယ်


## ဆင်နှင့်မျောက်



တောအုပ်တစ်ခုတွင်
ဆင်နှင့်မျောက်တို့သည် သူသာသည်
ငါသာသည်ဆိုပြီး ငြင်းခုံနေကြသည်။




ပညာရှိဦးဇီးကွက်က မြစ်တစ်ဖက်ကမ်းရှိ
သရက်သီးကို ခူးယူခဲ့ရန် ပြောသည်။



ရေမကူးတတ်သောမျောက်နှင့် သစ်ပင်မတက်
နိုင်သောဆင်တို့ အခက်အခဲတွေ့နေကြသည်။




ဆင်က ချောင်းကို ဖြတ်ကူးပေးပြီး
မျောက်က သရက်သီးခူးပေးရန်
သဘောတူလိုက်ကြသည်။




ဆင်နှင့်မျောက်တို့၏ စွမ်းအားဖြင့်
သရက်သီးကို ခူးယူနိုင်ခဲ့ကြလေသည်။


# သင်ခန်းစာ (၃၂)
# သူရဲကောင်း ငါးကလေးများ



ရေမြွေတစ်ကောင်သည်
ငါးကလေးများကို
ကြည့်ပြီး အလွန်စားချင်နေသည်။
ငါးကလေးများ
ငါးဖမ်းသမား၏ မြှုံးထဲ၌ မိနေစဉ်
ရေမြွေက ဝင်လာသည်။

မြှုံးထဲသို့ ဝင်လာသောရေမြွေကို
ငါးကလေးများက
ညီညီညွတ်ညွတ် ဝိုင်းကိုက်ကြသည်။





ငါးကလေးများ၏
စုပေါင်းအားကြောင့်
ရေမြွေကြီးသည်
အဝေးသို့
ထွက်ပြေးသွားရသည်။

ဒဏ်ရာများဖြင့် ထွက်ပြေးလာသော ရေမြွေကို မြင်၍ ဖားညိုကြီးက ရယ်မောလေသည်။




## စည်းလုံးခြင်း


ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်၊
ငါးလေးများအသွင်။
အကူအညီလိုရင် ညီညာမနေ့း၊
ဝိုင်းဝန်းကူညီပေး။
ဖေးဖေးမမ ညီအစ်ကို၊
မောင်နှမတွေလို။
ကြိုးဆိုကာ လက်ချင်းဆက်၊
စည်းလုံးခြင်းအတွက်။ ။

# သင်ခန်းစာ (၃၃)
# စိတ်ကောင်းထားကြမယ်


## စိတ်ထားမကောင်းသော ငှက်မ



ကြက်တူရွေးများသည်
တောအုပ်တစ်ခုတွင်
စုပေါင်းနေထိုင်ကြသည်။




လမ်းပေါ်တွင် ကျကျန်ခဲ့သော
စပါးစေ့၊ ပဲစေ့များကို
ပျော်ပျော်ပါးပါး
စားသောက်လေ့ရှိကြသည်။



ကြက်တူရွေးမကြီးတစ်ကောင်သည်
ပျော်ပျော်ပါးပါး စားနေကြသော
အခြားကြက်တူရွေးများကို ကြည့်၍
မကျေမနပ် ဖြစ်နေသည်။
စားစရာများကို
သူ တစ်ကောင်တည်း စားရန်
ကြံစည်နေသည်။

"လမ်းမပေါ်မှာ အန္တရာယ်ရှိတယ်၊
မသွားကြနဲ့"ဟု
မဟုတ်မမှန် ပြော၏။
အခြားကြက်တူရွေးများ
မလာရဲတော့သဖြင့်
သူတစ်ကောင်တည်း
စားနေခဲ့လေသည်။






စပါးစေ့များကို လောဘတကြီး
စားနေသော ကြက်တူရွေးမကြီးသည်
လှည်းကြိတ်ခံရပြီး
သေဆုံးသွားခဲ့လေသည်။

## မနာလိုခြင်း ကင်းကြစေ

သူလိုအပ်တာ ကိုယ်ကပေးလို့၊
ကူညီပေးစို့ တို့တစ်တွေ။
စိတ်ထားကောင်းကို ထူထောင်သွားလို့၊
ဖြူအောင်ထားစို့ အမြဲပေ။
ကိုယ့်ထက်သာရင် သူငယ်ချင်းတို့၊
မနာလိုခြင်း ကင်းကြစေ။
ဝန်တိုစိတ်များ သတိထား၊
ရှောင်ရှားကြမယ်လေ။
အဲဒါမှ တို့လူငယ်များ စိတ်ထားမြတ်မယ်လေ။ ။


# သင်ခန်းစာ (၃၄)
# မြေခွေးနှင့် ပေါင်းသင်းမိသော ခြင်္သေ့




မနောဇမည်သော ခြင်္သေ့လေးသည် တောအုပ်အတွင်း၌ မိသားစုနှင့် ပျော်ရွှင်စွာ နေ၏။

တစ်နေ့တွင် သူသည် စိတ်ထားမကောင်းသော မြေခွေးနှင့် ပေါင်းမိလေသည်။









ဖခင်ခြင်္သေ့ကြီးက သားငယ်ခြင်္သေ့ကို မြေခွေးနှင့် မပေါင်းသင်းရန် ဆုံးမ၏။ မနောဇက ဖခင်စကားကို နားမထောင်ခဲ့ပေ။

မြေခွေးက တိုက်တွန်းသည့်အတွက် မနောဇသည် ဘုရင်၏ မြင်းများကို ကိုက်သတ်၍ အတူခိုးစားကြသည်။






မနောဇသည် ဘုရင်၏ မြင်းများကို ဖမ်းနေစဉ် လေးသမားတို့ ပစ်လိုက်သော မြားထိမှန်ခဲ့ရသည်။
ခြင်္သေ့သေပြီဟု ထင်ပြီး မြေခွေးယုတ်က ထွက်ပြေးသွားသည်။



ဒဏ်ရာများနှင့် ပြန်ရောက်လာသော မနောဇကို ဖခင်က နောင်အခါ လူမိုက်နှင့်မပေါင်းရန် သနားကြင်နာစွာ ဆုံးမခဲ့လေသည်။



## မနောဇခြင်္သေ့လေး

မနောဇ တဲ့ ခြင်္သေ့ငယ်၊
မြေခွေးမိုက်နဲ့ ပေါင်းမိတယ်။
မိဘစကား သူပယ်ရှား၊
ဘေးဒဏ်သင့်မှ နောင်တပွား။
မောင်ညီငယ်များ တို့တစ်တွေ၊
လူမိုက်များနဲ့ ကင်းအောင်နေ။
ဖေဖေမေမေ ဆိုစကား၊
ခြင်္သေ့ငယ်လို မပယ်ရှား၊
တို့တစ်တွေ လွန်လေးစား။ ။


# သင်ခန်းစာ (၃၅)
# တိရစ္ဆာန်လေးများကို ကြင်နာပါ



မြတ်စွာဘုရားရှင်သည် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူသည်။

လမ်းတွင် မြွေကို ရိုက်နေကြသော ကလေးများကို တွေ့တော်မူသည်။





မြတ်စွာဘုရားရှင်သည် တိရစ္ဆာန်လေး
များကို ကြင်နာသနားကြရန်၊
ကိုယ်ချင်းစာတရားထားကြရန်
ကလေးများအား
ဟောပြတော်မူသည်။



ကလေးများသည်
တိရစ္ဆာန်လေးများအပေါ်
ချစ်ခင်လာကြသည်။

## တိရစ္ဆာန်များကို ကြင်နာပါ

တို့တစ်တွေမှာ၊ နာကျင်သလို၊ သူတို့လည်း နာကျင်တတ်တယ် ...
တို့တစ်တွေမှာ၊ ပျော်ရွှင်သလို၊ သူတို့လည်း ပျော်ရွှင်ရမယ် ...

တို့တစ်တွေမှာ၊ နာကျင်သလို၊ ငှက်ကလေး နာကျင်တတ်တယ် ...
တို့တစ်တွေမှာ၊ ပျော်ရွှင်သလို၊ ငှက်ကလေး ပျော်ရွှင်ရမယ် ...
(ကြောင်ကလေး၊ ယုန်ကလေး၊ ပါပီလေး စသည်ဖြင့် ရွတ်ဆိုနိုင်ပါသည်။)

# သင်ခန်းစာ (၃၆)

## အားငယ်သူ အားပေးပါ




ဆင်ကြီးမဲလုံးသည်
တိရစ္ဆာန်ငယ်လေးများကို
အနိုင်ကျင့်ကာ တိရစ္ဆာန်ငယ်လေးများအား
ရေသောက်ခွင့် မပေးပေ။




ညဘက်တွင် အစာရှာသွားသော ဆင်ကြီးမဲလုံး၏
ခြေထောက်ကို ငုတ်စူးခဲ့သည်။ ဆင်ကြီးမဲလုံးသည်
မထနိုင်ဘဲ နာကျင်စွာ အော်ဟစ်နေရသည်။



တိရစ္ဆာန်လေးများသည်
သူတို့ကို အနိုင်ကျင့်သော
ဆင်ကြီးမဲလုံးကို သနားပြီး ကူညီရန်
ရောက်လာကြသည်။



ဒဏ်ရာရနေသော
ဆင်ကြီးမဲလုံးကို
ကြင်ကြင်နာနာ
ပြုစုကြသည်။



ထိုအခါမှစ၍ ဆင်ကြီးမဲလုံးက
တိရစ္ဆာန်လေးများကို
ရေသောက်ခွင့်ပေးလိုက်လေသည်။
သို့ဖြစ်၍ ဆင်ကြီးမဲလုံးသည်
တိရစ္ဆာန်လေးများနှင့်အတူ
ပျော်ရွှင်စွာ
နေထိုင်သွားခဲ့လေသည်။

## အားနည်းသူကို ကူညီပါ

သားတို့တွေ သမီးတို့တွေ၊
လိမ္မာပါတယ်လေ။
အားနည်းသူ ဖေးမကူ၊
အနိုင်မယူရဘူးလေ။
ဆိုးသွမ်းကာ ရိုင်းစိုင်းတာ၊
ရှောင်ကြဉ်ပါမယ်လေ။
ကြမ်းတမ်းစွာ မပြုကြပါ၊
ယဉ်ကျေးကြမယ်လေ။ ။

# သင်ခန်းစာ (၃၇)
## ချစ်စရာ သူငယ်ချင်းများ

### ချစ်စု




ချစ်စုလေးသည် ဓမ္မစကူးလ်
သွားရသည်ကို အလွန်ပျော်၏။



ဓမ္မစကူးလ်ကို သူငယ်ချင်းများနှင့်
အတူတူ သွားကြသည်။



ချစ်စုတို့အားလုံး ဓမ္မစကူးလ်တွင်
ချစ်ချစ်ခင်ခင် နေကြသည်။



ကျောင်းပိတ်ရက်များတွင် ဓမ္မစကူးလ်မှ
သူငယ်ချင်းများကို သတိရနေမိသည်။


# သင်ခန်းစာ (၃၈)
# ညောင်ရေသွန်းပွဲ




## ညောင်ရေသွန်းပွဲ

ညောင်ရေလောင်းမယ် ဆုတောင်းမယ်၊
ထိုနေ့ရောက်ရင်ကွယ်။
ဘုရားမွေးတယ် ထိုရက်နေ့၊
တို့တွေ ဘယ်မမေ့။
လပြည့်နေ့ပေါ့ နွေကဆုန်၊
ပူလို့ ဆွေ့ဆွေ့ခုန်။
ချမ်းမြေ့ရုံ ဆင်ကာနွဲ၊
ညောင်ရေသွန်းတဲ့ပွဲ။ ။

# သင်ခန်းစာ (၃၉)
# ဝါဆိုပွဲ



မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို “ဓမ္မစကြာအခါတော်နေ့”ဟု သတ်မှတ်ကြသည်။




ဝါဆိုလပြည့်နေ့၌ ရဟန်းတော်များ ဝါဆိုကြသည်။ ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ဆက်ကပ်ကြသည်။



## ဝါဆိုပွဲ

လမြတ်ဝါဆို သည်ကာလမို့၊
ပန်းခူးကြစို့ ကပ်လှူရန်။
မလေးအသံ ညံ့ညံ့ပေးတော့၊
မြန်မြန်ပြေးပေါ့ မထွေးခံ။
စေတီမြတ်ထံ ပန်းကပ်ပြီးသော်၊
ဘုန်းကြီးကျောင်းပေါ် သွားမယ့်ဟန်။
သင်္ကန်းလှူရန် အတူနွဲလို့၊
အလှူပွဲမို့ ပျော်ကြပြန်။
ပျော်ကြပြန် ပျော်ကြပြန်။ ။

## သင်ခန်းစာ (၄၀)
## သီတင်းကျွတ်လပြည့်နေ့



မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော်မူ၍ သီတင်းကျွတ်လပြည့်နေ့၌ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။

## မီးထွန်းပွဲတော်

သီတင်းကျွတ်ပြီ မီးထွန်းမည်၊
မီးပူဇော်ပွဲ နွှဲကြမည်။
လမြတ်ရာသီ ချိန်ခါပဲ၊
ဘိုးဘွားမိဘ ကန်တော့ပွဲ။
မီးရောင်စုံထဲ အလှပြိုင်၊
ဖြူနီဝါပြာ ဘယ်သူနိုင်။
မြိုင်မြိုင်ဆိုင်ဆိုင် ကူညီလို့၊
မီးပုံးပျံကြီး လွှတ်ကြစို့။ ။



သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာတို့သည် မြတ်စွာဘုရားအား မီးရောင်စုံများ ထွန်းညှိပြီး ပူဇော်လေ့ရှိကြသည်။



## အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ်၊ ဘုရားဝတ်ပြုကြစို့ကွယ်။
ဘုန်းဘုန်း(ဆရာလေး)ကိုလည်း ကန်တော့မယ်
ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ်၊ ပစ္စည်းတွေလည်း သိမ်းစို့ကွယ်။
ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ...
အိမ်ကို အရောက်ပြန်မယ် ...။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ်၊ သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ...
ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ...
တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ...။ ။

ဓမ္မစကူးလ်ဖောင်ဒေးရှင်း
သင်ရိုးညွှန်းတမ်းဖြစ်မြောက်ရေးအဖွဲ့